**Yangon Stock Exchange Joint-Venture Company Limited.**
24-26 Sule Pagoda Road, Kyauktada Township, Yangon, Myanmar
Tel: 01-371167, 01-371274, Fax: 01-371276
https://ysx-mm.com/, https://www.facebook.com/ysx.myanmar/

## ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီမဟုတ်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ အတွက် “Pre-Listing Board (PLB)” တည်ထောင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခြင်း

---

**ရန်ကုန်မြို့၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၈) ရက်**

ရန်ကုန်စတော့အိပ်ချိန်းသည် စာရင်းဝင်ကုမ္ပဏီမဟုတ်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ အတွက် “Pre-Listing Board (PLB)” အမည်ဖြင့် ဈေးကွက်အသစ်တစ်ခုကို မကြာမီ တည်ထောင်ရန်ရှိပါသည်။

ရန်ကုန်စတော့အိပ်ချိန်းသည် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ပိုမိုသက်ဝင်လှုပ်ရှားလာစေရန် အတွက် စာရင်းဝင်စံနှုန်းများနှင့် မပြည့်မီသေးသည့် အများပိုင်ကုမ္ပဏီများ “Pre-Listing Board (PLB)” တွင်ပါဝင်လာခြင်းဖြင့် ယင်းကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံခန့်ခွဲမှုနှင့် ပွင်းလင်းမြင်သာသည့် ဈေးကွက်ဖြစ်ပေါ်လာစေရန်၊ သတင်းထုတ်ပြန်မှုစနစ်များ ပိုမိုကောင်းမွန်လာစေရန်အတွက် ရန်ကုန်စတော့အိပ်ချိန်းမှ လေ့ကျင့်ပျိုးထောင်ပေးနိုင်မည်ဖြစ်ပြီး နောင်နှစ်အနည်းအငယ် အတွင်း ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်လာနိုင်ရန် ရည်ရွယ်ပါသည်။

“Pre-Listing Board (PLB)” ကိုတည်ထောင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူ၊အများပြည်သူများ အတွက်လည်း ရန်ကုန်စတော့အိပ်ချိန်း၏ ပွင့်လင်းမြင်သာမှုရှိသည့် ရောင်းဝယ်ရေးဈေးကွက် မှ တဆင့် စာရင်းဝင်ကုမ္ပဏီ မဟုတ်သည့် အများပိုင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

“Pre-Listing Board (PLB)” တည်ထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ စာရင်းဝင်စံနှုန်းများနှင့် မပြည့်မီသေးသည့် အများပိုင်ကုမ္ပဏီများအတွက် စာရင်းဝင်ကုမ္ပဏီဟူသည့် ပန်းတိုင်သို့ ရောက်ရှိနိုင်မည့် အဆင့်တစ်ခုအား ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ အထူးသဖြင့် အောက်ပါအကျိုးကျေးဇူးများကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည် -

(၁) စာရင်းဝင်ကုမ္ပဏီ မဟုတ်သည့် အများပိုင်ကုမ္ပဏီများအတွက် ဘဏ္ဍာငွေရှာဖွေမှုဆိုင်ရာ အခွင့်အလမ်းများရရှိနိုင်စေရန်နှင့်နောင်တွင် ရန်ကုန်စတော့အိပ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီ ဖြစ်လာ ရန်ပေါင်းကူးအဖြစ် ဆောင်ရွက်ပေးနိုင်ရန် ၊

(၂) ရင်းနှီးမြှုပ်နှံသူများအတွက် ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုရရှိစေရန် “Pre-Listing Board (PLB)” တွင် ပါဝင်မည့် အများပိုင်ကုမ္ပဏီများ အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအားအကာအကွယ်ပေးရန် ကော်ပိုရိတ်သတင်းအချက်အလက်ဖွင့်ဟကြေငြာမှုကိုလုပ်ဆောင်ရန် လိုအပ်ပါသည်)၊

(၃) စာရင်းဝင်ကုမ္ပဏီမဟုတ်သည့် အများပိုင်ကုမ္ပဏီများအတွက် မျှတပြီးပွင့်လင်းမြင်သာမှုရှိသည့် ရှယ်ယာရောင်းဝယ်ရေးဈေးကွက်တစ်ခုဖြစ်လာစေရန်နှင့် ဈေးကွက်အတွင်း ရောင်းဝယ်မှုများ၊ ပေးချေမှုများအားလုံးကို ရန်ကုန်စတော့အိပ်ချိန်းဈေးကွက် တစ်ခုတည်းတွင် စုစည်းပြုလုပ်ခြင်း ဖြင့် မြန်မာနိုင်ငံ၏ အရင်းအနှီး ဈေးကွက်ပိုမိုခိုင်မာစေရန်၊

**<u>စတင်မည့်နေ့</u>**

**“Pre-Listing Board (PLB)” စတင်မည့်ရက်အား ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။**

**<u>ရန်ကုန်စတော့အိပ်ချိန်းအကြောင်း</u>**

ရန်ကုန်စတော့အိပ်ချိန်းသည် မြန်မာနိုင်ငံ၏ ပထမဆုံး ခေတ်မီစတော့အိပ်ချိန်းတစ်ခုဖြစ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းကို နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်အညီ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလရှည် ငွေကြေးအရင်းအနှီးများကို စတော့အိပ်ချိန်းဈေးကွက်မှ တဆင့် စုစည်းနိုင်ရန်ရည်ရွယ်လျက်တည်ထောင်ထားခြင်းဖြစ်ပါသည်။အများပြည်သူအတွက်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများရရှိစေရန်နှင့် အများပြည်သူ၏ ယုံကြည်အားထားမှုကို ရရှိသည့်ဈေးကွက်တစ်ခု ဖြစ်စေရန် လိုအပ်သည့် ဈေးကွက်အထောက်အကူပြုစနစ်များကို ပံပိုးဆောင်ရွက်ပေးသည့် တစ်ခုတည်းသော ဈေးကွက် တစ်ခုဖြစ်ပါသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အမိန့်အမှတ် ၈၇၇/ ၂၀၁၄ ဖြင့် တည်ထောင်ခွင့်ရရှိခဲ့ပြီး ယခင်မြန်မာနိုင်ငံတော် ဗဟိုဘဏ် အဆောက်အအုံတွင် ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက် နေ့မှ စတင်ဖွင့်လှစ်ခဲ့ပါသည်။ စတော့အိပ်ချိန်း လုပ်ငန်းလုပ်ကိုင်ခွင့်ကို မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အမိန့်အမှတ်(၁/၂၀၁၅) ဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် ရရှိခဲ့ပြီး စတော့ရှယ်ယာစတင်ရောင်းဝယ်ခြင်းကို ၂၀၁၆ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့တွင်စတင်ခဲ့ပါသည်။

အသေးစိတ်စုံစမ်းသိရှိလိုပါက

ဈေးကွက်ဌာန
ရန်ကုန်စတော့အိပ်ချိန်း ဖက်စပ်ကုမ္ပဏီလီမိတက်
အမှတ် (၂၄-၂၆)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(+95) 1 371274, 371276, 371167

https://ysx-mm.com
https://fb.me/ysx.myanmar